**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (076/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၆/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၀၃) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လိုင်လ (၀၉) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- အစိုးရသစ် တက်လာပြီး ရက် ၁၀၀ အတွင်း ပင်စင်လစာ တိုးမြှင့်ပေးလိုက်ခြင်းသည် လစာငွေ ရာဂဏန်း၊ ထောင်ဂဏန်းမျှသာ ခံစားနေရသည့် အငြိမ်းစားဝန်ထမ်းများအတွက် ကျေနပ်ဖွယ်ဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဒေါက်တာထွန်းလွင် (အငြိမ်းစား) က ပြောသည်။ (Mizzima 040711) Read More...
- ဒေါ်အောင်ဆန်းစုကြည်သည် သားဖြစ်သူ ကိုထိန်လင်းနှင့်အတူ ပုဂံ၊ ညောင်ဦးဒေသ ဘုရားဖူးခရီးစဉ်တွင် သက်ဆိုင်ရာ အာဏာပိုင်များက အနီးကပ်စောင့်ကြည့်မှုမှလွဲပြီး ဟန့်တားမှုများ မပြုလုပ်သော်လည်း အခမ်းအနားများပြုလုပ် ကြိုဆိုမှုများနှင့် ဘုရားဂေါပကများ အလှူငွေလက်ခံမှုများ မပြုလုပ်ရန် အထက်အာဏာပိုင်အဆင့်ဆင့်ကဖိအားပေး ညွှန့်ကြားလိုက်သည်။ (DVB 040711) Read More...
- အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် မြန်မာသံရုံး ဒုတိယအကြီးအကဲ သံမှူးကြီး ဦးကျော်ဝင်းသည် ဘက်ပြောင်းပြီး နိုင်ငံရေးခိုလှုံခွင့် တောင်းခံလိုက်သည့်ကိစ္စကို မိမိတို့အနေဖြင့် တစုံတရာ မသိကြောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တယ်လီဖုန်းဖြင့် ပြန်လည်ဖြေဆိုသူ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။ (RFA 050711) Read More...
- ထာဝရ ငြိမ်းချမ်းရေးရရှိရန် အချိန်ယူရမည်ဟု အစိုးရက ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ထံ ဇူလိုင် ၆ ရက်နေ့တွင် ပြန်ကြားစာ တစ်စောင်ကို ကချင်အမျိုးသားအတိုင်ပင်ခံကောင်စီမှတဆင့် ပေးပို့ခဲ့သည်ဟု စာယူဆောင်လာသူ ကချင်အတိုင်ပင်ခံအဖွဲ့ ဥက္ကဌ ဦးဆင်ဝါးနော်က ပြောသည်။ (RFA 060711) Read More...
- မြန်မာနိုင်ငံတွင် နိုင်ငံသားမှတ်ပုံတင်ကို သတ်မှတ်ချက်များအရ ၂၈ ရက် အချိန်ယူဆောင်ရွက်ရသော်လည်း ယခုအခါ အထောက်အထားပြည့်စုံစွာ တင်ပြနိုင်ပါက မြို့နယ်အဆင့်တွင်ပင် နေ့ချင်းပြီးပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးရုံးမှ အဆင့်မြင့်အရာရှိတစ်ဦးက အတည်ပြုပြောကြားလိုက်သည်။ (YMG 060711) Read More...
- မကြာသေးမီက ပုန်ကန် ခွဲထွက်သွားသော ကရင်နယ်ခြားစောင့် တပ်ဖွဲ့ဝင်များကို ပြန်လည်စည်းရုံးရန် အစိုးရက DKBA ခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သည့် ဗိုလ်ချစ်သူကို ဇူလိုင် ၃ ရက်နေ့က စေလွှတ်ညှိနှိုင်းခဲ့သော်လည်း အောင်မြင်မှု မရှိသေးကြောင်း ကရင်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ ၇ မှ ဗိုလ်မှူးချုပ် ဂျော်နီက ပြောသည်။ (Irrawaddy 070711) Read More...
- ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာတွင်ရှိသည့် ရှားပါးသဘာဝသစ်တောပိုင်းကို ဘုရားဖူခရီးစဉ်အဖြစ် ရောက်ရှိလေ့လာနေသည့် ဒေါ်အောင်ဆန်းစုကြည်ကို လိုက်လံရှင်းပြရန် စီစဉ်ထားသော ကျေးရွာအာဏာပိုင်တစ်ဦးကို မြို့နယ်အာဏာပိုင်များက တားမြစ်ခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်တွင် လိုက်ပါသွားသူ အဖွဲ့ချုပ်ဝင် ဦးခွန်သာမြင့်က ပြောသည်။ (RFA 070711) Read More...

- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးသည် ၄င်းသက်တမ်း ၉၃ ရက်မြောက်နေ့တွင် ကြားနာမှုစတင်ခြင်းအဖြစ် ဥပဒေပုဒ်မ ၁၃ အရ တင်သွင်းသည့် တင်သွင်းလွှာအမှတ် (၁/၂၀၁၁) ကို ပထမဆုံးကြားနာခဲ့ပြီး ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အားလုံးပါဝင်ကာ ခုံရုံး ရုံးခန်း၊ အမှတ် ၁ တွင်ကြားနာခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာက ဖော်ပြ လိုက်သည်။ (Popular News 070711) Read More...
- မြန်မာစစ်အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ် KIO တို့ကြား တိုက်ပွဲဖြစ်ပွားသောကြောင့် တရုတ်-မြန်မာနယ်စပ်သို့ ထွက်ပြေးသွားသူ ကချင်ဒုက္ခသည်များကို အကူအညီ မပေးရန် အစိုးရက ပြည်တွင်းမှ အစိုးရမဟုတ်သော NGO အဖွဲ့ကို ပြောဆိုထားသဖြင့် ယနေ့ချိန်ထိ အကူအညီ မရသေးဟု စစ်ပြေးဒုက္ခ သည်များ ကူညီစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူ ဒေါ်မိုင်းဂျာက ပြောသည်။ (Mizzima 080711) Read More...
- အရပ်သားအစိုးရလက်ထက်တွင် ပေါ်ပေါက်လာသော တိုင်းရင်းသား ဝန်ကြီးများသည် တာဝန်ယူပြီး ၃ လကျော်သော်လည်း မည်သည့် လုပ်ပိုင်ခွင့်မှ မရရှိသေးဟု မွန်ပြည်နယ်ရှိ တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ဦးက ပြောသည်။ (Irrawaddy 080711) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လက်ရှိ စစ်တိုင်းကြီးများအား တာဝန်ယူနေသည့် တိုင်းမှူးများဖြစ်သော ဗိုလ်မှူးချုပ် ထွန်းသန်း၊ ဗိုလ်မှူးချုပ် ထွန်းနေလင်း၊ ဗိုလ်မှူးချုပ် စိုးသိန်းနှင့် ဗိုလ်မှူးချုပ် တင်မောင်ဝင်းတို့ကို ဇူလိုင် ၁ ရက်နေ့က နေရာအပြောင်းအလဲ ပြုလုပ်လိုက်ကြောင်း နေပြည်တော် စစ်ဘက်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 040711) Read More...
- မိဘများနှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးစားမှုနှင့် စစ်တပ်မှ ပြန်ထုတ်နိုင်ခဲ့သည့် ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် ငြိမ်းချမ်းရွာမှ ကလေးစစ်သား မောင်စိုးကျော်ကို အသက် ၁၈ နှစ်ပြည့်သည့်အခါ ပြန်ခေါ်ယူရန် စစ်တပ်နှင့်ရဲမှ ပူးပေါင်း ဖိအားပေးမှုများရှိနေသည်ဟု ထွက်ပြေးတိမ်းရှောင်နေရသည့် မောင်းစိုးကျော်က ပြောသည်။ (BBC 060711) Read More...
- ယခုလဆန်းအတွင်း သျှမ်းပြည်တပ်မတော် SSPP/ SSA ထိန်းချုပ်နယ်မြေဖြစ်သော မိုင်းရှူး မြို့နယ်၊ မိုင်းနောင်မြို့နယ်ခွဲနှင့် ကွန်ဟိန်းမြို့နယ်တို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွါးနေသည့်အပြင် စစ်မြေပြင်နှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံလူထုအများ အပြားသည် မိမိတို့ပိုင်ဆိုင်မှုများကို မြန်မာ စစ်တပ်၏ ယူငင်စား သောက်ခြင်းခံနေရကြောင်း မိုင်းရှူးရောက်ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 060711) Read More...
- ရန်ကုန်တိုင်း တိုင်းမှူးဟောင်း ဗိုလ်မှူးချုပ် ထွန်းသန်းသည် ပြီးခဲ့သည့် ရက်ပိုင်းက ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ ပဲခူးတိုင်းတောင်ငူအခြေစိုက် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပြောင်းရွှေ့စေခဲ့ပြီး ၂ ရက် အကြာတွင် နေပြည်တော်သို့ ခေါ်ယူပြီး ဇူလိုင်လ ၅ ရက်နေ့က တာဝန်မှ ရပ်စဲလိုက်ကြောင်း စစ်ဘက်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 070711) Read More ... Mizzima
- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူဒေသတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ကရင်နယ်ခြား စောင့်တပ်နှင့် မြန်မာစစ်တပ်များ ပဋိပက္ခဖြစ်ပွားသောကြောင့် ယခုအချိန်တွင် လှိုင်းဘွဲ့၊ ဖားအံနှင့် ကော့ကရိတ်မြို့များ၌ လုံခြုံရေးများ ချထားလျှက်ရှိပြီး မြို့တွင်းတိုက်ပွဲဖြစ်ပွားမည်ကို လူထုအနေဖြင့် အထူးစိုးရိမ်နေကြသည်ဟု အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။ (KIC 080711) Read More...
- မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်နှင့် ကချင်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုများ ရှိသောကြောင့် ကရင်နီ ပြည်နယ် လွိုင်ကော်မြို့လေဆိပ်၊ အစိုးရ အဆောက်အဦးများနှင့် လောပိတ စက်ရုံကိုလည်း ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့မှ လာရောက် ဗုံးခွဲမည်ကို စိုးရိမ်သောကြောင့် လုံခြုံရေး တိုးချဲ့တင်းကြပ်ချထားလာသည်ဟု စစ်တပ်နှင့် ရင်းနီးသူ တစ်ဦးက ပြောသည်။ (KT 080711) Read More ...
- သျှမ်းပြည်တပ်မတော် SSPP/SSA ထိန်းချုပ်နယ်မြေများ၌ ရင်ဆိုင်တိုက်ပွဲ၊ ချုံခိုတိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေပြီး ဇူလိုင် ၅ ရက်နေ့က ပင်လုံအခြေစိုက် ခမရ ၅၁၃ နှင့် လဲချားအခြေစိုက် ခလရ ၆၄ ပူးပေါင်းသည့် တပ်ဖွဲ့တစ်ဖွဲ့သည် မိုင်းရှူးမြို့နယ် ကုန်းနင်ရွာသို့ဝင်ရောက်ကာ ဒေသခံများ၏ အိမ်ပေါ် တက် မွှေနှောက်ရှာဖွေယူငင်သည့်အပြင် ရွာသူအမျိုးသမီးများကိုပါ မုဒိန်းကျင့်သတ်ဖြတ်ခဲ့သည်ဟု မိုင်းရှူးရောက် ထွက်ပြေးတိမ်းရှောင်လာသူ ရွာသားတစ်ဦးက ပြောသည်။ (S.H.A.N 080711) Read More...
- မြန်မာစစ်တပ် အသုံးပြုရန် တရုတ်နိုင်ငံမှ ဝယ်ယူလာသည့် စစ်ထရပ်ကားအစီး ၁၀၀ ကျော်ပါ စစ်ယာဉ် တန်းသည် ဇူလိုင် ၈ ရက်နေ့ နံနက် ၅ နာရီခွဲခန့်က မူစယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုံအလွန် နမ့်ပေါ့ တံတား အနီးတွင် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည်ဟု စစ်ဘက်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 080711) Read More...

- ပဲခူးတိုင်းအတွင်းအခြေစိုက် တပ်မ (၇၇) လက်အောက်ခံ တပ်ရင်းများရှိ အောက်ခြေစစ်သည်များသည် ၄င်းတို့ရရှိသည့် လစာနှင့် အခြေခံ ရိက္ခာလုံလောက်မှုမရှိသည့်အတွက် စားဝတ်နေရေး ကြပ်တည်းဆိုးဝါးနေသဖြင့် တောင်ငူအခြေစိုက် တိုင်းမှူးနှင့် နေပြည်တော်အထိ အကျိုးအကြောင်း တင်ပြခဲ့သော်လည်း အထက်အဆင့်ဆင့်က တပ်တွင်းစားဝတ်နေရေး ဖူလုံအောင် ဖြေရှင်း ပေးခြင်း မရှိသေးဟု တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။ (RFA 080711) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA ၏ ပါဂျောင်ဒေသရှိ ရှေ့တန်းဗဟိုဌာနချုပ်နေရာကို အစိုးရ ခလရ ၈၆ တပ်မှ ဇူလိုင် ၉ ရက်နေ့ ညနေ ၃ နာရီခွဲခန့်တွင် လက်နက်ကြီးများနှင့်ပစ်ခတ်ရာ KIA ဗဟိုဌာနချုပ်စခန်းသို့ မကျရောက်ဘဲ တဖက်တရုတ်နယ်စပ်ထဲသို့ ကျရောက်ပေါက်ကွဲခဲ့သည်ဟု KIA အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးလာနန်က ပြောသည်။ (VOA 090711) Read More...

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ် ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ကော်မရှင် ဥပဒေပုဒ်မ ၈ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပြည်ထောင်စု ရွေးကောက်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများကို လွှန်ခဲ့သည့် ဖွန်လ ၂၃ ရက်နေ့က ပြန်လည်ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်။ (EMG 070711) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် SNLD အထွေထွေ အတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်၏ ၆၀ နှစ်ပြည့်မွေးနေ့ အခမ်းအနားကို ရန်ကုန် ပြည်လမ်းမှ နေအိမ်တွင် ကျင်းပခဲ့ပြီး ၄င်းလွတ်မြောက်ရေးအတွက် ဆုတောင်းပွဲတစ်ခုလည်း ပြုလုပ်ခဲ့သည်ဟု SNLD ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ပြောသည်။ (RFA 030711) Read More..., DVB...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ ရန်ကုန်တိုင်း တောင်ဒဂုံတွင် ဖွင့်လှစ်ထားသည့် HIV-AIDS ဂေဟာကို လွန်ခဲ့သည့် ဖွန်လအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်အကူအညီတောင်းခံသည့် ရောဂါဝေဒနာရှင်များ ပိုမိုများပြား ထပ်မံရောက်ရှိလာကြောင်းနှင့် စုစုပေါင်း ၂၀၀ နီးပါးခန့် ရှိပြီဖြစ်ကြောင်း အကူအညီပေးနေသည့် မဖြူဖြူသင်းက ပြောသည်။ (RFA 030711) Read More...
- တရုတ်အစိုးရထံ ရေကာတာစီမံကိန်းကို ရပ်ဆိုင်းပေးရန်နှင့် ပြည်တွင်းစစ် ရပ်စဲရေးအတွက် ဦးသိန်းစိန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေး ခေါ်ယူဆောင်ရွက်ရန် တောင်းဆိုသည့် ပန်ကြားချက် ၂ စောင်ကို ပြည်တွင်းအခြေစိုက် အဖွဲ့ ၉ ဖွဲ့ ပူးပေါင်းပြီး ဇူလိုင် ၄ ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 040711) Read More..., DVB...
- မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထိုင်းနိုင်ငံ ရွေးကောက်ပွဲတွင် အနိုင်ရရှိ ထားသော မစ္စ ယင့်လပ်ရှင်နာဝပ်၏ ဖုယာ့ထိုင်းပါတီသည် ဒီမိုကရေစီ နည်းလမ်းအရ အများ ပြည်သူဆန္ဒဖြင့် ရွေးကောက်တင်မြှောက် ခံလိုက်ရခြင်းကြောင့် အောင်မြင်မှု ရရှိခဲ့ခြင်းကို ကြိုဆိုကြောင်း ပြောသည်။ (Irrawaddy 050711) Read More...
- မြန်မာအစိုးရသစ်သည် အပြောင်းအလဲများကို လုပ်ဆောင်နေသည်ဟုဆိုကာ ပြည်တွင်းပြည်ပမှ မြန်မာပြည်သူအချို့ကို လှည့်စားနေကြောင်းနှင့် စကားလုံးလှလှများ ပေါပေါများများ သုံးစွဲနေသော်လည်း လက်တွေ့တွင် အပြောင်းအလဲများ မတွေ့ရကြောင်း ဒေါ်အောင်ဆန်းစုကြည်က BBC သတင်းဌာန၏ ဟောပြောပို့ချချက် အစီအစဉ်တွင် ပြောဆိုလိုက်သည်။ (VOA 050711) Read More...
- ဘီဘီစီ Radio 4 မှ ဇူလိုင် ၅ ရက်နေ့က ထုတ်လွှင့်ခဲ့သည့် 2011 Reith Lectures ဒုတိယပိုင်းအစီအစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ ၂၃ နှစ်တာ ကာလတလျှောက် စစ်တပ်၏ ဖိနှိပ်မှုအောက်တွင် ရပ်တည်ခဲ့ရသည့်အကြောင်းနှင့် မည်သည့်ဥပဒေနှင့်မှ မငြိစွန်းသည့်အတွက် တရားဝင်အဖွဲ့အစည်း ဖြစ်နေဆဲဟု ပြောဆို လိုက်သည်။ (BBC 050711) Read More...
- ပုဂံမြို့ဟောင်းကို သားငယ်နှင့်အတူ မိသားစုဘုရားဖူးခရီးစဉ်အဖြစ် ရောက်ရှိနေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင် ၅ ရက်နေ့ နံနက်က အာနန္ဒာဘုရားကို ဖူးမြော်ကြည်ညိုအပြီး သတင်းထောက်များနှင့် တွေ့ဆုံစဉ် ၄င်း၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို အသိအမှတ်ပြုလေးစားရန် ပြောကြားလိုက်သည်။ (DVB 050711) Read More...

- ရာထူးနှင့်အာဏာကို အသုံးချပြီး နိုင်ငံရေး အကျဉ်းသားများနှင့် လက်အောက်ဝန်ထမ်းငယ်များအပေါ်တွင် အကြမ်းဖက် ဆက်ဆံခဲ့သည့် ခန္တီးမြို့နယ် ရဲမှူးကို စစ်ဆေးအရေးယူပေးရန် ကိုယ်တိုင်အကြမ်းဖက်ဆက်ဆံခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ကိုထင်ကျော်က နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာနအပါအဝင် အခြားဌာန ၁၀ ခုကို ဇူလိုင် ၄ ရက်နေ့က တိုင်ကြားစာ ပေးပို့လိုက်သည်။ (VOA 060711) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင်လ ၆ ရက်နေ့က ပုဂံမြို့သစ်သို့ ရောက်ရှိစဉ် ရာနှင့်ချီသည့် ပြည်သူများကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်စကားပြောဆို နှုတ်ဆက် သဖြင့် ဒေသခံများ ဝမ်းသာပျော်ရွှင်ကြကြောင်း ပုဂံမြို့သစ် ဒေသခံတစ်ဦးက ပြောသည်။ (Irrawaddy 070711) Read More ...
- မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် အကျဉ်းသားများ အရည်အသွေးညံ့ အစားအစာများသာ ရရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုလည်း အချိန်မီ မရသဖြင့် ICRC ကမ္ဘာ့ကြက်ခြေနီ အဖွဲ့အနေဖြင့် သွားရောက်ကူညီရန် နိုင်ငံရေး အကျဉ်းသားဟောင်းနှင့် မိသားစုဝင်များက ပြောဆိုလိုက်သည်။ (Mizzima 070711) Read More ...
- မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးနှင့် ကျောင်းသားထု အခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဇူလိုင် ၇ ရက်နေ့တွင် ကျရောက်သော ကျောင်းသားသမဂ္ဂ ဖြိုဖျက်ခံရမှု ၄၉ နှစ်ပြည့်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်နှင့် ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်သူများ တပ်ပေါင်းစု ဗဒတ က တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 070711) Read More...
- ပြည်ထဲရေးဝန်ကြီးဌာနက NLD ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်ထံ လိပ်မူပြီး တရားဝင် ပါတီမဟုတ်ဘဲ တရားဝင်သကဲ့သို့ လှုပ်ရှားနေခြင်းသည် ဥပဒေနှင့်ဆန့်ကျင်နေကြောင်း သတိပေးပြီးနောက် ဒေသခံရဲများက ရုံးချုပ်ကို ရှောင်တခင် ဝင်ရောက်ပြီး စာရွက်စာတမ်းများ သိမ်းဆည်းသွားမည် ကို စိုးရိမ်သောကြောင့် NLD လူငယ် ၅ ဦး ညအိပ်စောင့် နေရကြောင်း ပါတီလူငယ်ခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုရာဇာက ပြောသည်။ (Mizzima 080711) Read More...
- အာဏာပိုင်များက ကြိုတင်ဟန့်တားမှုများ ရှိခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ပုဂံဘုရားဖူး ခရီးစဉ်အတွင်း ဒေသခံလူထု မှာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း ခရီးစဉ် လုံခြုံရေးအတွက် လိုက်ပါသွားသူ ကျောက်ပန်းတောင်းမြို့နယ် NLD လူငယ် ကိုအေးနိုင် က ပြောသည်။ (Mizzima 080711) Read More...
- ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်ကို ဇူလိုင် ၇ ရက်နေ့ ည ၁၀ ခွဲခန့်က အစိုးရလုံခြုံရေးအဖွဲ့ဝင် ၁၀ ဦးခန့်က လာရောက်စောင့်ကြည့်ခဲ့ပြီး ရုံးအဝင်အထွက် လာရောက်သူများကို ဓါတ်ပုံရိုက်ယူခဲ့သည်ဟု ညအိပ်စောင့်နေကြသည့် လူငယ်အဖွဲ့ဝင်များက ပြောသည်။ (VOA 080711) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က လုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်နေသည့် လယ်သမား အသိပညာပေး အစီအစဉ်အရ လင်းနိုင်အောင် ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး စိုက်ပျိုးရေးပညာရှင် ဦးစိန်ဝင်းဟန်က လယ်ယာမြေ ပြဿနာနှင့် ဒီမိုကရေစီ ကျင့်စဉ်အကြောင်း လိုက်လံဟောပြောပို့ချနေသည်ဟု ပြောသည်။ (RFA 080711) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရ တာဝန်ရှိသူများနှင့် ကချင် လွတ်လပ်ရေး အဖွဲ့ (KIO) ခေါင်းဆောင်များ အပစ်အခတ် ရပ်စဲရေး ပြုလုပ်ရန် ဇွန်လ ၃၀ ရက်နေ့က ဆွေးနွေးခဲ့ကြသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး အစိုးရတပ်ဘက်မှ၂ ဦး ကျဆုံးသွားကြောင်း KIA တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 040711) Read More...
- ကချင်ပြည်လွတ်လပ်ရေးတပ်မတော် KIA၊ သျှမ်းပြည် တပ်မတော် SSA ပူးပေါင်းတပ်များနှင့် မြန်မာ စစ်တပ် ကျောထောက် နောက်ခံပြုထားသော ပြည်သူ့စစ်အဖွဲ့တို့ ဇူလိုင် ၂ ရက်နေ့က သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မုံးဝီးမြို့နယ်ခွဲဒေသ အတွင်းတိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ပြည်သူ့စစ် အဖွဲ့ဝင် ၅ ဦးခန့် သေဆုံးကာ လက်နက်ငယ် ၅လက် ရရှိကြောင်း သျှမ်းတပ်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 040711) Read More...
- ရှမ်းပြည်မြောက်ပိုင်း လွယ်ကန် (Loikang) အခြေစိုက် KIA တပ်မဟာ ၄ က ၎င်းတို့နယ်မြေမှ ဝင်ရောက်လာသည့် မြန်မာစစ်သား ဒု-ဗိုလ်မှူးကြီးစိုးရွှေ ဦးစီးသည့် တာမိုးနဲနယ်မြေခံ ခလရ ၂၈၀ တပ်ရင်းမှ တပ်သား ၅ ဦးကို ဇူလိုင် ၂ ရက်နေ့က ဖမ်းဆီးထားပြီး ဇူလိုင် ၃ ရက်မနက်ပိုင်းတွင် လွှတ်ပေးခဲ့သည်ဟု တပ်မဟာ ၄ အရာရှိများ ကပြောသည်။ (KNG 040711) Read More...
- ကချင်ပြည်နယ် အစိုးရကိုယ်စားလှယ်များသည် ဇွန် ၃၀က အပစ်ရပ်ကိစ္စနှင့်ပတ်သက်ပြီး KIO နှင့် လဂျားယန်၌ တွေ့ဆုံပြီးနောက် “မြန်မာစစ်သားများ KIA နယ်မြေထဲ ဝင်ရောက်ခြင်းမရှိလျှင် ပစ်ခတ်မှုမပြုရန်” KIA လိုင်ဇာစစ်ဌာနချုပ်က ရှေ့တန်းစခန်းမှ ၎င်းတို့ တပ်ဖွဲ့များထံ ဇူလိုင် ၁ ရက်နေ့တွင် ညွှန်ကြားခဲ့သည်။ (KNG 040711) Read More...

- အစိုးရ ဌာနဆိုင်ရာ အဆောက်အအုံ အပါအဝင် တံတားနှင့် တပ်စခန်းများကို ဗုံးခွဲတိုက်ခိုက်မှုများ မပြုလုပ်ရန် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) က ရှေ့တန်း တပ်ဖွဲ့ဝင်များအား ဇူလိုင် ၄ ရက်နေ့တွင် ညွှန်ကြားထားကြောင်း KIA တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 050711) Read More..., NMG...
- သျှမ်းပြည်တပ်မတော် SSPP/SSA ဌာနချုပ် ဝမ့်ဟိုင်း၌ ကျန်ရှိနေသော ဗိုလ်ချုပ်ပန်ဖှ၏ လက်ထောက် ဦးဆောင်သည့်အဖွဲ့အင်အား ၂၀၀-၃၀၀ သည် ဌာနချုပ်မှ ထွက်ခွာသင့်ကြောင်း RCSS/SSA ခေါင်းဆောင် ဒုဗိုလ်ချုပ်ကြီး ယွက်စစ်ကပြောကြောင်း ၎င်းနှင့်နီးစပ်သည့် အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 050711) Read More...
- ဇွန်လ ၂၅ ရက် ညနေပိုင်းက မိုင်းနောင်မြို့လယ်၌ သတင်းအချက် အလက်ထောက်လှမ်း စုံစမ်းခြင်း တာဝန်ယူနေသော သျှမ်းပြည်တပ်မတော်တပ်သား စိုင်းအိုက်လုက မြန်မာစစ်တပ်အရာရှိအား လုပ်ကြံ သတ်ဖြတ်ရခြင်းသည် ဒေသခံလူထု အပေါ် အဆိုပါ အရာရှိက အနိုင်ကျင့်ခေါင်းပုံဖြတ်လွန်းသည်ဟု သိရသောကြောင့် ထိပ်တိုက်တွေ့ဆုံရန်သွားစဉ် ဖြစ်သွားခဲ့ ခြင်းဖြစ်ကြောင်း SSPP/ SSA သတင်းရပ်ကွက်က ပြော သည်။ (S.H.A.N 050711) Read More...
- ကရင်ပြည်နယ်၊ မြဝတီမြို့နယ် မယ့်ပလယ်တိုဂွင်တွင် လှုပ်ရှားသည့် နယ်ခြားစောင့်တပ် BGF တပ်ရင်း (၁၀၁၈) တပ်ရင်းအား ဇူလိုင် ၄ ရက်နေ့က ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ (၇) လက်အောက်ခံ တပ်ရင်း (၁၀၁) တပ်ဖွဲ့ဝင်များက သွားရောက်ပစ်ခတ်ခဲ့ရာ BGF တပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု DKBA အရာရှိဟောင်းတစ်ဦးက ပြောသည်။ (KIC 050711) Read More...
- မွန်ပြည်နယ်၊ မော်လမြိုင်-ရေးကားလမ်းမပေါ်ရှိ သံဖြူဇရပ်မြို့နယ်၊ ရွာသာအေးကျေးရွာအနီး၌ အမည် မသိကရင်လက်နက်ကိုင်အဖွဲ့တဖွဲ့က မှန်လုံကားနှစ်စီးအား မီးရှို့ဖျက်ဆီးပြီးနောက် ဇူလိုင် ၂ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင် ခြင်းခံထားရသူ ၁၀ ဦးစလုံးကို ပြန်လွှတ်ပေးခဲ့သည်ဟု ရွှေလီရတနာခရီးသည် ပို့ဆောင် ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (IMNA 060711) Read More...
- ယခင်အနားယူခဲ့သော မွန်ပြည်သစ်ပါတီတပ်ဖွဲ့ဝင်များသည် ယခုရက်ပိုင်းများအတွင်း၌ သက်ဆိုင်ရာ မိခင်ဌာနအဖွဲ့အစည်းထံသို့ ပြန်လာနေကြသူ အများအပြားရှိနေပြီးဖြစ်သည်ဟု ဗဟိုဌာနချုပ်မှ တာဝန်ရှိ သူတစ်ဦးက ပြောသည်။ (IMNA 060711) Read More...
- ချင်းအမျိုးသား တပ်မတော်က ရပ်ရွာ ဥက္ကဋ္ဌ အာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူအား အမျိုးမျိုးနှိပ်စက်နေသည့် ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ပန်းကို ဇွန်လ နောက်ဆုံးပတ်က ဖမ်းဆီး အရေးယူခဲ့သည်ဟု ဒုတိယ တိုင်းမှူး ဗိုလ်လိန်းလောက ပြောသည်။ (Khonumthung 060711) Read More...
- ဒီမိုကရေစီ လိုလားသော မြန်မာအတိုက်အခံများက ၎င်းတို့အပေါ် ထားရှိမည့် ထိုင်းနိုင်ငံ အစိုးရသစ်၏ မူဝါဒသည် သက်ဆင် အစိုးရ ဖြစ်စဉ်က မူဝါဒအတိုင်း တသွေမတိမ်း လိုက်နာပါက ထိုင်းအခြေစိုက် မြန်မာအတိုက်အခံများအပေါ် တင်းကျပ်လာနိုင်သည်ဟု ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။ (Mizzima 060711) Read More...
- အပစ်အခတ်ရပ်ဆိုင်းရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် အချိန်ယူ လုပ်ဆောင်ရမည်ဟု ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့က ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ KIO ထံ စာရေးသား ပေးပို့လာသည့်အပေါ် တိုက်ရိုက်တုန့်ပြန်မည်မဟုတ်ကြောင်း KIO တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (NMG 070711) Read More ..., Mizzima
- ကချင်ပြည်နယ်အစိုးရက ကမ်းလှမ်း စေလွှတ်သည့် ငြိမ်းချမ်းတည်ငြိမ်းရေးနှင့် ညှိနှိုင်းရေးအဖွဲ့၏ ပေးစာထဲတွင် အရေးကြီးသည့် အချက်များတစုံတရာ မပါသည့်အတွက် ချက်ချင်းတုန့်ပြန်ရန် မရှိကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးလာနန်းက ပြောသည်။ (BBC 070711) Read More...
- ကချင်ပြည်နယ် ဗန်းမော်-မြစ်ကြီးနားလမ်းကြောင်းအတိုင်း ချီတက်လာသော ဗန်းမော်အခြေစိုက် အမှတ် ၂၁ စစ်ဆင်ရေး ကွပ်ကဲမှု (စကခ) ၏ စစ်ထရပ်ကား ၃ စီးကို မိုးမောက်မြို့နယ် ကျခပ်တိုက်ကျေးရွာအနီးတွင် ကချင်လွတ်မြောက်ရေး တပ်မတော် KIA ရှေ့တန်းအဖွဲ့တစ်ခုက ဇူလိုင် ၇ ရက်နေ့ နေ့လည်တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကား ၁ စီး ကြေမွသွားမှု အပါအဝင် ကားပေါ်ပါစစ်သား အနည်းဆုံး ၃၀ ထက်မနည်း ထိခိုက်သေကျေ ဒဏ်ရာရဖွယ်ရှိသည်ဟု KIA နှင့်နီးစပ်သူများက ပြောသည်။ (DVB 070711) Read More...
- မြန်မာအစိုးရစစ်တပ်နှင့် ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား အပစ်အခတ် ရပ်စဲရေးအတွက် ညှိနှိုင်းနေသည့် တချိန်တည်းတွင် ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ မိုင်းခေါင် ကျေးရွာဈေးအနီး လဖက်ရည် သောက်ရန်လာသည့် အစိုးရ တပ်ဖွဲ့ဝင်များကို KIA တပ်ဖွဲ့က ပစ်ခတ်ခဲ့ သည်ဟု မိုင်းခေါင်သို့ ဈေးရောင်းသွားသည့် ဗန်းမော်မြို့ခံ တစ်ဦးက ပြောသည်။ (NMG 080711) Read More...

- ရှမ်းပြည်မြောက်ပိုင်း ဆောင်ကြဲအခြေစိုက် ခြေလျင်တပ်ရင်း ခမရ ၃၂၅ တပ်ဖွဲ့ဝင်များကို ရှမ်းပြည်တပ်မတော် SSA တပ်မဟာ ၁ လက်အောက်ခံတပ်ဖွဲ့တစ်ဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့ရာ အစိုးရတပ်မှ တပ်ကြပ်တစ်ဦးနှင့် တပ်သားတစ်ဦးတို့ ပွဲချင်းပြီး သေဆုံး သွားခဲ့ပြီး လက်နက်အချို့ကို သိမ်းဆည်းရမိသည်ဟု SSA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီး စိုင်းထူးက ပြောသည်။ (BBC 080711) Read More...
- မြန်မာအစိုးရစစ်တပ် သိမ်းပိုက်ထားသည့် ဘွမ်ဆဲန်တောင်ကို ပြန်တိုက်ယူရန် ကချင်လွတ်မြောက်ရေး တပ်ဖွဲ့ (KIA) မှ အဆင်သင့် ရှိပြီဖြစ်သော်လည်း မြန်မာစစ်အစိုးရဘက်မှ အကြောင်းပြန်ကြားခြင်းကို စောင့် နေသည်ဟု KIA တပ်ရင်း ၁၅ အရာရှိတစ်ဦးက ပြောသည်။ (KNG 090711) Read More...
- ကချင်ပြည်နယ် စင်းခန်းကြီးရွာအနီးတွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ ၃၊ ရင်း ၁၂ မှ တပ်ဖွဲ့ဝင်များနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (မပခ) လက်အောက်ခံတပ်ဖွဲ့များအကြား ဇူလိုင် ၈ ရက်နေ့ ညနေပိုင်းတွင် ထိတွေ့တိုက်ပွဲဖြစ်ပွား ရာ အစိုးရတပ်မှ ၂ ဦး ကျဆုံးသွားပြီးနောက် KIA နယ်မြေဘက်သို့ မပခ လက်အောက်ခံ ခလရ ၇၄ မှ လက်နက်ကြီးနှင့် ပြန်လည်ပစ်ခတ်ရာတွင် မန်စီမြို့နယ် ဂင်းစင့်ရွာအနီးတွင် ရွာသူတစ်ဦး သေဆုံးသွားကာ တစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။ (BBC 090711) Read More...
- စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုမဖြစ်ပေါ်လာရန် ရည်ရွယ်၍ ကချင် လွတ်မြောက်ရေးတပ်မတော် KIA က ကချင်ပြည်နယ်တွင်း တိုက်ပွဲများဆက်တိုက်ဖြစ်နေချိန်တွင် ယာယီအပစ်အခတ် ရပ်ဆိုင်းရေး သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးကာ အစိုးရထံသို့ ပေးပို့လိုက်သည်ဟု KIA ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (BBC 090711) Read More...
- ကချင်၊ ရှမ်း၊ ကရင် စသည့် တိုင်းရင်းသားဒေသများတွင် အစိုးရတပ်များ၏ ထိုးစစ်များ ရပ်တန့်သွားစေရန် ကူညီဖြေရှင်းပေး ရေးနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်ရေး ဖိအားပေးဆောင်ရွက်ပေးရန်အတွက် UNFC ခေါ် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖယ်ဒရယ်ကောင်စီ အဖွဲ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဥရောပ သမဂ္ဂ EU ကိုယ်စားလှယ်အဖွဲ့ တာဝန်ရှိသူ များနှင့် ဇူလိုင် ၇ ရက်နေ့က တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ (RFA 090711) Read More...

## (ဂ) ပြည်ပအင်အားစုများ

- အစိုးရ စစ်တပ်၏ စစ်တိုင်းမှူးနေရာများကို လွန်ခဲ့သည့် ဇူလိုင် ၁ ရက်နေ့က အရွေ့အပြောင်းများ ပြုလုပ်လိုက်ခြင်းသည် ကာကွယ် ရေးဦးစီးချုပ်သစ် ဖြစ်လာသည့် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၏ စစ်တပ်ကို ဩဇာသက်ရောက်မှုရရှိနိုင်ရန်နှင့် ထိန်းချုပ် နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မြန်မာ့စစ်ရေးလေ့လာသုံးသပ်သူ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD မှ သုတေသနမှူး ဦးဌေးအောင်က ပြောသည်။ (BBC 050711) Read More...
- အစိုးရအဆက်ဆက် နိုင်ငံခြားရေးဌာနတွင် အဆင့်မြင့် သံအရာရှိအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သော အမေရိကန်နိုင်ငံဆိုင် ရာ မြန်မာသံမှူး ဦးကျော်ဝင်းမှ ဇူလိုင် ၄ ရက်နေ့က အမေရိကန် ပြည်ထောင်စုတွင် နိုင်ငံရေး ခိုလှုံခွင့် တောင်းလိုက်ခြင်းသည် လက်ရှိအစိုးရအပေါ် အယုံအကြည်မရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု အမျိုးသားညွန့်ပေါင်း အစိုးရ (NCGUB) ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ပြောဆိုလိုက်သည်။ (RFA 050711) Read More...
- သာသနာ့ဦးသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ် ဥရောပကိုယ်စားလှယ် အရှင် ကောဝိဒ၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အတွင်းရေးမှူး ဦးအောင်ထူးနှင့် Burma Euro Germany မှ ဦးအောင်သူတို့သည် ဇူလိုင် ၄ ရက်နေ့ မွန်းလွဲပိုင်း က ဂျာမဏီနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mr. Markus Loning ကို သွားရောက် တွေ့ဆုံခဲ့ကြသည်။ (RFA 060711) Read More...
- ဂျပန်အခြေစိုက် မြန်မာ့ ဒီမိုကရေစီ အင်အားစုများနှင့် ဂျပန် အမတ်များ သမဂ္ဂတို့သည် တိုကျိုမြို့တွင် ဇူလိုင် ၅ ရက်နေ့က မြန်မာ နိုင်ငံအပေါ် ထားရှိသည့် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒနှင့် ပတ်သက်၍ ပြောင်းလဲနိုင်မှု ရှိ၊ မရှိကို အဓိကထား ဆွေးနွေးခဲ့ကြ ကြောင်း တိုကျိုအခြေစိုက် မြန်မာ့ရေးရာရုံးမှ အတွင်းရေးမှူး ဒေါက်တာမင်းညိုက ပြောသည်။ (Mizzima 060711) Read More...

## နိုင်ငံရေးအဖွဲ့အစည်းများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ရခိုင်ပြည်နယ်တွင် လူသွား/လာ အများဆုံး ရေကြောင်းလမ်း တစ်ခုဖြစ်သည့် စစ်တွေ- ဘူးသီးတောင်လမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ ဇူလိုင် ၁၃ ရက်နေ့တွင် လွှဲပြောင်း လုပ်ကိုင်တော့မည် ဖြစ်သည်ဟု ဘူးသီးတောင်မြို့ ရေကြောင်းပို့ဆောင်ရေးရုံးမှ အရာရှိတစ်ဦးက ပြောသည်။ (Narinjara 080711) Read More...
- ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တွင် လူငယ်ကွန်ရက်အဖွဲ့များ အသစ်ထပ်ဖွင့်လိုက်သည့် 'အမေ့အိမ်' စာသင်ကျောင်းမှ ကျောင်းသားများကို ကြံ့ဖွံ့ပါတီ USDP တာဝန်ခံများက ပစ္စည်းများနှင့် မက်လုံးပေးစည်းရုံးနေမှုနှင့် ယင်းကျောင်းတွင် ဆက်တက်ပါက စာမေးပွဲကျလိမ့်မည်ဟု ခြိမ်းခြောက်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ်ကွန်ရက်အဖွဲ့ဝင် ဆရာမ မမိမိအေးက ပြောသည်။ (RFA 090711) Read More...

### အခြားပါတီများ

- ဖွန် ၃ ရက်နေ့က ကျင်းပခဲ့သည့် ထိုင်းနိုင်ငံရွေးကောက်ပွဲကို နိုင်ငံတကာ စောင့်ကြည့်လေ့လာသည့်အဖွဲ့များမှ အများအပြားလာရောက်လေ့လာရာတွင် မြန်မာနိုင်ငံမှ ၂၀၁၀ ရွေးကောက်ပွဲဝင် ရခိုင်၊ မွန်၊ ချင်း စသည့်တိုင်းရင်းသားပါတီများ၊ အမျိုးသားဒီမိုကရေစီ အင်အားစု NDF ပါတီအပါအဝင် မြန်မာအီးဂရက်တို့မှ သွားရောက်လေ့လာခဲ့သည်ဟု Asia Network for Election အဖွဲ့နှင့်အတူ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း မဲရုံများတွင်လေ့လာရန် ရောက်ရှိနေသည့် NDF ခေါင်းဆောင် ဦးခင်မောင်ရွှေက ပြောသည်။ (VOA 030711) Read More...
- အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ခွဲထွက်သွားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့် ဦးဆောင်သည့် သင်္ကန်းကျွန်း လွှတ်တော် ကိုယ်စားလှယ်များ အဖွဲ့သည် အမျိုးသားဒီမိုကရေစီ ပါတီသစ်အမည်ဖြင့် ပါတီမှတ်ပုံတင်ခွင့်ကို နေပြည်တော် ရွေးကောက်ပွဲ ကော်မရှင်တွင် ဇူလိုင် ၄ ရက်နေ့က လျှောက်ထားလိုက်ပြီဖြစ်သည်ဟု ပြန်ကြားရေးတာဝန်ခံ ဦးဖုန်းမြင့်အောင်က ပြောသည်။ (Mizzima 040711) Read More...
- အောက်ခြေအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် စစ်အုပ်ချုပ်ရေးပုံစံအတိုင်းဖြစ်နေကာ သမ္မတဦးသိန်းစိန်အစိုးရကလည်း အပြောင်းအလဲလုပ်ရန် ပျက်ကွက်နေကြောင်း အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။ (DVB 040711) Read More...
- လွန်ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝန်ကြီးချုပ်ဟောင်းများ၏ သမီး ၃ ဦးသည် ရွေးကောက်ပွဲအပြီး ၉ လ ပြည့်မြောက်ချိန်၌ ၎င်းတို့၏ အမြင်များ ပြောင်းလဲသွားပြီ လာမည့် ကြားဖြတ် ရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 050711) Read More...
- လာမည့် နိုဝင်ဘာလတွင် ကျင်းပဖွယ်ရှိသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ကြံ့ဖွံ့ပါတီ USDP ကို အဓိက ယှဉ်ပြိုင်ရန် အတွက် ပါတီ ၁၀ ခုဖြင့် ဖွဲ့စည်းထားသည့်ဒီမိုကရက်တစ် မိတ်ဆွေပါတီများအဖွဲ့က ပါတီအချင်းချင်း အကူအညီပေးပြီး လူမထပ်စေရန် နေရာ ၄၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပြည်ထောင်စု ဒီမိုကရေစီပါတီ၏ ဥက္ကဋ္ဌ ဦးသိန်းတင်အောင်က ပြောသည်။ (RFA 050711) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက တရားစွဲဆိုခဲ့သော ပြိုင်ဘက် ကိုယ်စားလှယ်များဖြစ်သည့် ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ လွှတ်တော် ကိုယ်စားလှယ် ၉ ဦးထဲမှ နောက်ဆုံး ကိုယ်စားလှယ် ၃ ဦး အမှုကို နေပြည်တော် ရွေးကောက်ပွဲ ကော်မရှင် အထူးခုံရုံးက ၎င်းတို့ကို အရှုံးပေးလိုက်သည်ဟု ရန်ကုန်ရုံးမှ ပါတီတာဝန်ရှိသူ တစ်ဦးက ပြောသည်။ (Narinjara 070711) Read More ..., Mizzima
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ခေါင်းဆောင်များသည် နိုင်ငံရေးကိစ္စများ မလုပ်ဆောင်ဘဲ စီးပွားရေးကိုသာ ရှေ့တန်းတင် လုပ်ဆောင်နေကြောင်း ပါတီဝင်များအကြား ဝေဖန်နေ မှုမှာ မမှန်ကန်ဟု ပါတီ၏ ဗဟိုကော်မတီဝင်နှင့် ဘဏ္ဍာရေးမှူးဖြစ်သူ ဦးစောသန်းမြင့်က ငြင်းဆို လိုက်သည်။ (Irrawaddy 070711) Read More ...
- လာမည့်ကြားဖြတ် ရွေးကောက်ပွဲ၌ မည်သည့်ပါတီနှင့်မျှ ပူးပေါင်း ခြင်းမရှိဘဲ တစ်ပါတီတည်းသီးခြား ရပ်တည်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ယှဉ်ပြိုင်သည့်နေရာတွင် မည်သည့်ပါတီရှိရှိ ဝင်ပြိုင်မည်ဟု အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်မှ အတွင်းရေးမှူး ၁ ဦးလှအောင်က ပြောသည်။ (Popular News 070711) Read More...

- ဇူလိုင် ၇ ရက်နေ့က မော်လမြိုင်မြို့တွင် ကျင်းပခဲ့သော မွန်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမ နေ့သည် အချိန် ၁၀ မိနစ်ကြာသော်လည်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ပြောဆိုပိုင်ခွင့်မရှိဟု ၎င်းပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (IMNA 080711) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- ပုသိမ် ကန်ကြီးထောင့်မြို့နယ် ထိန်တောကြီးကျေးရွာမှ လယ်သမားအရေးဆောင်ရွက်နေသူ လယ်သမားကြီး ဦးထွန်းအေးကို လွန်ခဲ့သည့် ဇွန် ၃၀ ရက်နေ့က လယ်သမားများ၏ နစ်နာချက်များအတွက် အာဏာပိုင်များနှင့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရုံးချုပ်ရုံးသို့ သွားရောက်သတင်းပို့ပြီးအပြန် လမ်းတွင် ရဲများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ၎င်း၏ လုပ်ဖော် ကိုင်ဖက် တစ်ဦးဖြစ်သူ လူ့အခွင့်အရေးလှုပ်ရှားသူ ကိုမြင့်နိုင်က ပြောသည်။ (RFA 030711) Read More...
- ဒေါ်အောင်ဆန်းစုကြည်၏ ပုဂံခရီးစဉ် နောက်ဆုံးနေ့ဖြစ်သော ဇူလိုင် ၇ ရက်နေ့ ညနေပိုင်းတွင် ညောင်ဦးမြို့လယ် မဏီစည်သူ ဈေးသို့ သွားရောက်လည်ပတ်ခဲ့ရာ မြို့ခံရာပေါင်းများစွာက ပိုင်းဂန်းကြိုဆို နှုတ်ဆက်ကြသောကြောင့် ကားလမ်းမပေါ်၊ ဈေးရုံ အတွင်း နှင့် ဈေးအရှေ့တွင် လူများနှင့် ပြည့်နှက်သွားခဲ့ကြောင်း မဏီစည်သူဈေးမှ ဈေးသားတစ်ဦးက ပြောသည်။ (Irrawaddy 070711) Read More...
- ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် ဇူလိုင် ၆ ရက်နေ့၌ ကျင်းပခဲ့သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP ၏ နှစ်ပတ် လည် အခမ်းအနားတွင် တက်ရောက်လာကြသည့် ဒေသခံ ၁၀၀ ကျော်ခန့်က ၎င်းတို့ခံစားနေရသော နစ်နာဆုံးရှုံးမှုများကို သက် ဆိုင်ရာမှ သိရှိအောင် တင်ပြဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်ဟု မင်းပြာမြို့နယ် လွှတ်တော်အမတ် ဦးသာကျော်က ပြော သည်။ (BBC 070711) Read More...
- မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၌ လုံခြုံရေးအခြေအနေ စိုးရိမ်နေရသည်ဟု သတင်းထွက်ပေါ်နေသည့် အတွက် မြို့ခံ ခလရ (၆၂) တပ် ရင်းမှ အိမ်ထောင်သည်အမျိုးသမီးများနှင့် ခလေးများ မြို့ပေါ် ရပ်ကွက်များသို့ ပြောင်းရွှေ့နေကြသည်ဟု ဒေသခံများက ပြောသည်။ (IMNA 070711) Read More...
- လူငယ်အများစု စိတ်ဝင်စားသည့် Hip Hop ဂီတဖြင့် လူမှုရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လာစေရန် ရည်ရွယ်ကာ ဂီတ လူမှုရေး သူရဲကောင်းများ (၂) တေးစီးရီး အယ်လ်ဘမ်ကို အမြန်ဆုံးထွက်ရှိရန် ပြင်ဆင်နေသည်ဟု နာရေးကူညီမှုအသင်း (ရန်ကုန်) ၏ ဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။ (Irrawaddy 080711) Read More...
- မြန်မာပြည်မြောက်ပိုင်း တရုတ်နယ်စပ်ရှိ ကချင်ဒုက္ခသည်များအား ကူညီရန် RANIR ခေါ် ကချင် ဒုက္ခသည် ကူညီရေးအဖွဲ့တစ်ခုကို ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဌာနချုပ်လိုင်ဇာတွင် ဇွန် ၇ ရက် နေ့က ဖွဲ့စည်းခဲ့သည်ဟု အဖွဲ့ Coordinator-၁ လရစ်(La Rip) က ပြောသည်။ (KNG 080711) Read More...
- ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးနေရာတွင် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က မူးယစ်ဆေး ဝါးမှုနှင့် ထောင်ကျဖူးသူ ကြံ့ဖွံ့ပါတီ USDP ဝင် ဦးပြေသိမ်းကို အစားထိုး ခန့်အပ်လိုက်ခြင်းကိစ္စသည် အခြေခံဥပဒေနှင့် မညီညွတ်သဖြင့် ၁၂ ရက်ကွက်အတွင်းမှ လူ ၆၀ ကျော်ခန့်က စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထဲရေး ဝန်ကြီးဌာနထံ တိုင်ကြား ကန့်ကွက်လိုက်သည်။ (RFA 090711) Read More...
- ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ ရေနံချောင်းမြို့နယ် ကြံ့ဖွံ့ပါတီ USDP လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်းသည် အာရှ မြေသြဇာ အရောင်းကိုယ်စားလှယ် ဦးစန်းပွင့်ထံမှ မြေသြဇာ သိန်း ၁၈၀ ဖိုးကို ၂၀၀၉ ခုနှစ် ကတည်းက ရယူထားပြီး သိန်း ၅၀ ဖိုးသာ ပေးချေထားသဖြင့် ကျန်ရှိသော သိန်း ၁၃၀ မပေးချေသေးသည့်အတွက် ပြန်လည်တောင်းဆိုရာတွင် အာဏာနှင့်ခြိမ်း ခြောက်ခဲ့ပြီးနောက် ဦးစန်းပွင့်က သက်ဆိုင်ရာ ဝန်ကြီးချုပ်ထံသို့ တိုင်တန်းလိုက်သည်။ (RFA 090711) Read More...

## မီဒီယာအခန်းကဏ္ဍ

- မြန်မာနိုင်ငံတွင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရပြီး ဖမ်းဆီးထိန်းသိမ်း နှိပ်စက်ခံနေရသည့် သတင်းထောက်များနှင့် ဗီဒီယို သတင်း သမားများကို ပြန်လွှတ်ပေးရန် ဒီမိုကရက်တစ်မြန်မာ့အသံနှင့် နယ်စည်းမခြားသတင်းသမားအဖွဲ့တို့အပါအဝင် သတင်း အဖွဲ့ပေါင်း ၁၂ ဖွဲ့ပါဝင်သော သတင်းမီဒီယာဆိုင်ရာအဖွဲ့များက ဇူလိုင် ၇ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ (BBC 080711) Read More...
- သတင်းမီဒီယာအလုပ်များကို လုပ်ကိုင်နေကြသည့် သတင်းထောက်များ၊ အယ်ဒီတာများအပါအဝင် သတင်းမီဒီယာလုပ်ငန်း များကို လည်ပတ်နိုင်အောင် ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအားလုံးအနေဖြင့် ယင်းအလုပ်ကို လုပ်ကိုင်နေရခြင်းသည် ကုသိုလ်အလုပ်

အဖြစ် မှတ်ယူကြရန် ဆရာတော်အရှင်ဆန္ဒာဓိက က ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် လိုက်ပါသတင်းယူနေကြသည့် သတင်း ထောက်များနှင့်တွေ့ဆုံစဉ် မိန့်ကြားလိုက်သည်။ (DVB 070711) Read More...

- အကျဉ်းကျ သတင်းထောက်များ ပြန်လွှတ်ရန်နှင့် နှောင့်ယှက်ဟန့်တားမှုများ ရပ်ဆိုင်းရန် မြန်မာအစိုးရ ကို ကုလသမဂ္ဂ၊ ဥရောပ သမဂ္ဂနှင့် အာဆီယံနိုင်ငံများက ဖိအားပေးပါရန် ကမ္ဘာတဝှန်းရှိ သတင်းလွတ်လပ်ခွင့်အရေး ဆောင်ရွက်နေသည့် အဖွဲ့ ၁၂ ဖွဲ့က ဇူလိုင် ၈ ရက်နေ့တွင် စုပေါင်းတောင်းဆိုလိုက်သည်ဟု လက်မှတ်ထိုးတောင်းဆိုရာ၌ ပါဝင်ခဲ့သည့် မြန်မာသတင်းသမဂ္ဂ BMA ဒု-ဥက္ကဋ္ဌ ဦးဇင်လင်းက ပြောသည်။ (Mizzima 080711) Read More...
- မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီထုတ် "ဇေကမ္ဘာ ကုမ္ပဏီနှင့် ရွှေနံ့သာ လယ်သမားများ ပြဿနာ" စာအုပ်အား ဆက်လက် မထုတ်ဝေဘဲ ပါတီစာစောင်၌သာ ထည့်သွင်းဖော်ပြရန် စာပေစိစစ်ရေးက ဇူလိုင် ၈ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံကာ တားမြစ်ခဲ့ကြောင်း ပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေက ပြောသည်။ (Mizzima 080711) Read More...

## ဘာသာရေးအဖွဲ့အစည်းများ

- ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော အကျဉ်းကျ သံဃာများ ထောင်တွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို အများသိစေရန် ရည်ရွယ်ကာ "သံတိုင်နောက်က မှတ်တမ်းများ" အမည်ရှိ စာအုပ်ကို အမေရိကန် အခြေစိုက် သာသနာ့ဥဩဘျောင် အပြည်ပြည်ဆိုင် ရာ ရဟန်းတော်များ အဖွဲ့ချုပ်က ထုတ်ဝေလိုက်သည်။ (Mizzima 040711) Read More..., RFA...
- မြန်မာပြည်ငြိမ်းချမ်းရေး၊ ပြည်သူလိုချင်သော ဒီမိုကရေစီ ရရှိရေးအတွက် အိန္ဒိယ အရှေ့မြောက် မီဇိုရမ်ပြည်နယ်သို့ ရောက်ရှိနေ သော မြန်မာနိုင်ငံသား Fasting Prayer for Burma က အစာရှောင် ဆုတောင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း Fasting prayer for Burma ဥက္ကဋ္ဌ က ပြောသည်။ (Khonumthung 060711) Read More...
- အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သည့် သံဃာတော်များသည် မြန်မာနိုင်ငံတွင် ပြန်လည်အခြေချကာ သာသနာ ပြုလုပ်ငန်းများစုပေါင်း ပြုလုပ်ရန်အတွက် မဇ္ဈိမဝံသ မြန်မာ ရဟန်းတော်များ အဖွဲ့ (MMSS) ဟူ၍ ဇူလိုင် ၃ ရက်နေ့က စတင် ဖွဲ့စည်းလိုက်ပြီး အဆိုပါ MMSS ကို အကူအညီ လိုအပ်နေသော အဖွဲ့ဝင်များနှင့် အမှန်တကယ် လိုအပ်သူများအား ကူညီရန်စသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခြင်းဖြစ်ကြောင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာတော် ဦးကုသလက မိန့်ကြားသည်။ (Irrawaddy 060711) Read More...

## ပြည်ပရောက်မြန်မာနိုင်ငံသားများနှင့်ပညာရှင်များ

- အမေရိကန် ဝါရှင်တန်မြန်မာသံရုံးမှ သံတမန်များအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဘက်ပြောင်းခိုလှုံမှု များပြားလာရခြင်းမှာ မြန်မာအစိုးရ၏ ပြည်သူများနှင့် ဝန်ထမ်းများအပေါ် မတရားသဖြင့် ပြုမူဆက်ဆံမှုများကို ဆက်လက်သည်းမခံနိုင်တော့သည့် အတွက် ဖြစ်ရကြောင်း ၁၉၈၉ ခုနှစ်မှ ခိုလှုံခွင့်တောင်းခဲ့သည့် တတိယအတွင်းဝန်ဟောင်း ဦးကျော်သာက ပြောသည်။ (BBC 050711) Read More...
- လွန်ခဲ့သည့် ဇူလိုင် ၁ ရက်နေ့က ဒု-စစ်တိုင်းမှူးအချို့ကို စစ်ရာထူးခန့်ချုပ်ရုံး၏ အမိန့်ပြန်တမ်းနှင့် အပြောင်းအရွှေ့များတွင် တိုင်းမှူး အသစ် ခန့်အပ်မှုမျိုး မရှိသော်လည်း လက်ရှိစစ်တိုင်းများမှ အခြားစစ်တိုင်းများသို့ ရွှေ့ပြောင်းလိုက်ခြင်းကြောင့် တပ်မတော်ထိပ် တန်း ခေါင်းဆောင်များအကြား ပြဿနာ တစုံတရာ ရှိနေခြင်းကို ပြသနေသည်ဟု တရုတ်-မြန်မာနယ်စပ် အခြေစိုက်စစ်ရေး ကျွမ်းကျင်သူ ဦးအောင်ကျော်ဇောက ပြောသည်။ (VOA 050711) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာနိုင်ငံ အကျဉ်းထောင်များထဲတွင် ကျန်ရှိနေဆဲ နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော်ကို လွှတ်ပေးရန် ဖိလစ်ပိုင် နိုင်ငံခြား ရေးဝန်ကြီး Albert Del Rosario က ဖိလစ်ပိုင်နိုင်ငံအခြေစိုက် သံတမန်ရေးရာ သတင်းထောက်များနှင့် ဇူလိုင် ၃ ရက်နေ့တွင် တွေ့ ဆုံစဉ် ထပ်မံတောင်းဆိုလိုက်သည်။ (RFA 030711) Read More...

- မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နယ်ခရီးစဉ် ထွက်သည့်အခါတွင် ၎င်း၏ လုံခြုံရေးကို အစိုးရမှ အာမခံပေးရန်လိုအပ်ကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး Mr. Kevin Rudd က ဇူလိုင်လ ၂ ရက်နေ့ မြန်မာနိုင်ငံမှအပြန် စင်္ကာပူနိုင်ငံသို့ ခေတ္တဝင်ရောက်စဉ် ပြောကြားလိုက်သည်။ (RFA 030711) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးခဲ့သည့်အချက်နှင့် စစ်တပ် အုပ်ချုပ်ရေးစနစ်ကို အဆုံးသတ်လိုက်ပြီဟု ကြေညာခဲ့သည့် အချက်များအပေါ် အခြေခံပြီး မြန်မာနိုင်ငံကို ODA ခေါ် နိုင်ငံရပ်ခြား စီးပွားရေး အကူအညီများကို ပြန်လည်ပေးအပ်ရန် စဉ်းစားနေပြီဟု ဂျပန်အစိုးရတာဝန်ရှိသူများကို ကိုးကားပြီး ဇူလိုင် ၄ ရက်နေ့ ဂျပန်နိုင်ငံထုတ် 'ယိုမီအူရီ' သတင်းစာတွင် ရေးသားဖော်ပြလိုက်သည်။ (RFA 040711) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂံဒေသ ဦးသို့ သားနှင့်အတူ သွားရောက်သည့် နယ်ဘက် ခရီးထွက်နိုင်ခြင်းသည် မြန်မာနိုင်ငံအတွက် ရှေ့အလားအလာကောင်းဖြစ်လာစေရန် မျှော်လင့်ကြောင်း အမေရိကန် နိုင်ငံခြား ရေးဌာနပြောခွင့်ရသူ ဗစ်တိုရီယာ တိုရီယာ နူလန် (Victoria Toria Nuland) က ဇူလိုင် ၅ ရက်နေ့ ပုံမှန်သတင်း စာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 050711) Read More...
- ရန်ကုန် အမေရိကန်သံရုံး ဒု-သံရုံးတာဝန်ခံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များကို မိတ်ဆက်ပေးသည့်သဘောအနေဖြင့် အမေရိကန်သံရုံး ယာယီ တာဝန်ခံသံမှူး Larry M. Dinger အပါအဝင် ၃ ဦးတို့က ဇူလိုင် ၇ ရက်နေ့ ဗဟန်း ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ်ရုံးတွင် ဒု-ဥက္ကဋ္ဌ ဦးတင်ဦး ခေါင်းဆောင်သည့်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံခဲ့သည်ဟု အဖွဲ့ချုပ် ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 070711) Read More...
- ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်ဖြစ်လာမည့် ဖွေထိုင်းပါတီ (Pheu Thai) ၏ ခေါင်းဆောင် ယင်းလပ် ရှင်နာဝပ် (YinLuck Shinawatra) က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေး ကြိုးပမ်း ရပ်တည်နေမှုများကို အင်မတန်အားကျလေးစားမိကြောင်းနှင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စများအပေါ် ၎င်း၏အစိုးရအဖွဲ့က အားပေး ထောက်ခံသွားမည်ဟု ဇူလိုင် ၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 080711) Read More...
- မြန်မာနိုင်ငံတွင် ဘရာဇီးနိုင်ငံ သံရုံးကို ပထမဆုံးအဖြစ် စတင်ဖွင့်လှစ်လိုက်ပြီး လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့က မစ္စတာဟိုဆေးကားလို့စ်ဒါဖွန် ဆက်ကာ(ဂျူနီယာ)ဆိုသူကို ပထမဆုံးမြန်မာနိုင်ငံ ဌာနေသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အသိအမှတ်ပြုလိုက်သည်။ (Myanmar Times Vol.27, No.525 08-140711) Read More...

## (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာအစိုးရ၏ လက်တွေ့ကျသည့် သံတမန်နည်းလမ်းများနှင့် ဆွေးနွေးဆောင်ရွက်လိုမှုမရှိသဖြင့် အစိုးရနှင့် ၎င်းတို့၏ လက်ဝေခံစီးပွားရေးသမားများအပေါ် ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ ပိတ်ဆို့မှုနှင့် အရေးယူရန် သမ္မတ အိုဘာမားထံသို့ ဇူလိုင် ၇ ရက်နေ့ ရက်စွဲဖြင့် US Campaign for Burma မှ ဦးဆောင်ပြီး အမေရိကန်ပြည်ထောင်စုရှိ ထင်ရှားသည့်အခွင့်အရေး တောင်ဆိုသောအဖွဲ့အစည်း ၂၁ဖွဲ့ တို့က စာရေးသား တောင်းဆိုလိုက်သည်။ (BBC 070711) Read More...
- ကုလသမဂ္ဂတွင် မြန်မာအာဏာပိုင်များအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင် (CoI) ဖွဲ့နိုင်ရန် အမေရိကန်က တွန်းအားပေးသင့်ကြောင်း အမေရိကန် အခြေစိုက် နာမည်ကြီး အဖွဲ့အစည်းကြီး ၂၂ ခုက အမေရိကန် သမ္မတ အိုဘားမားအား တိုက်တွန်းပြောဆိုလိုက်သည်။ (Irrawaddy 080711) Read More...
- သမ္မတ ဦးသိန်းစိန်မှ ကတိပေးထားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားညီညွတ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့သည် လက်တွေ့လုပ်ရပ်များတွင် ဆန့်ကျင်ဘက်ဖြစ်နေပြီး ၎င်း၏ သက်တမ်း ပထမ ရက် ၁၀၀ အထိ လုပ်ဆောင်မှုအရ မြန်မာနိုင်ငံတွင် လက်ရှိအစိုးရမှ အပြောင်းအလဲများ လုပ်ပေးမည်ဆိုခြင်းကို မမျှော်လင့်နိုင်တော့ကြောင်း မြန်မာ့အရေး ဆောင်ရွက်နေသည့် ALSEAN-Burma မှ ဆက်သွယ်ညှိနှိုင်းရေးမှူး ဒက်ဘီစတော့ဟတ် Debbie Stothard က ပြောသည်။ (DVB 080711) Read More...

---

***End of report/ Saturday, July 09, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---